အမှတ်အသားများ ဖြစ်ပေါ်လာပုံ

၁၈၅၉ခုနှစ်တွင် ဆွစ်စ်လူမျိုး စီးပွားရေးသမား ဟင်နရီဒူးနန့်သည် အီတလီမြောက်ပိုင်းကို ဖြတ်သန်းခရီးထွက်ခွာလာစဉ် ဆိုလ်ဖာရီနိုမြို့အနီး ဖြစ်ပွားခဲ့သော စစ်ပွဲ၏တုန်လှုပ်ဖွယ်ရာ အနိဋ္ဌာရုံမြင်ကွင်းကို မျက်မြင်တွေ့ခဲ့ရသည်။ ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုမရဘဲ ဒဏ်ရာဖြင့် သေလုမျောပါးဖြစ်နေသောစစ်သည်ထောင်ပေါင်းများစွာတို့၏ ဆင်းရဲဒုက္ခခံစားရမှုက ၎င်းကို ကြီးမားစွာ စေ့ဆော်ခဲ့သည်ဖြစ်ရာ ၎င်းသည် “ဆိုလ်ဖာရီနိုအောက်မေ့ဖွယ်” အမည်ဖြင့် စာအုပ်တစ်အုပ်ရေးသားထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်တွင် စစ်ဒဏ်ခံရသူများကို အကူအညီပေးရာ၌ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် အဆိုပြုချက်နှစ်ရပ်ကို ဖော်ပြခဲ့ပါသည်။

> စစ်မက်ကာလတွင် ဒဏ်ရာရစစ်သည်များကို စောင့်ရှောက်မှုပေးရေးအတွက် အရန်သင့်ဖြစ်စေရန် နိုင်ငံတိုင်း၌ စေတနာ့ဝန်ထမ်းများပါဝင်သောကယ်ဆယ်ရေးအသင်းများကို ငြိမ်းချမ်းသောကာလတွင် ဖွဲ့စည်းတည်ထောင်ထားရန်၊

> စစ်မြေပြင်တွင် ဒဏ်ရာရသူများနှင့် ဖျားနာနေသူများနှင့်၊ ၎င်းတို့ကို ပြုစုစောင့်ရှောက်ပေးသူများအား အကာအကွယ်ပေးရေးကို နိုင်ငံအများသဘောတူညီထားရန်။

ပထမအဆိုပြုချက်ကို အရင်းခံကာ ကမ္ဘာတစ်ဝှမ်း နိုင်ငံတိုင်းနီးပါးတွင် အမျိုးသားကြက်ခြေနီ သို့မဟုတ် လခြမ်းနီအသင်းများကို တည်ထောင်ခဲ့ကြပါသည်။

ဒုတိယအဆိုပြုချက်အရ ဂျီနီဗာသဘောတူညီချက်များကို ချမှတ်ခဲ့ကြပါသည်။ ၁၉၄၉ခုနှစ် ဂျီနီဗာသဘောတူညီချက်လေးခုကို ယခုအခါ နိုင်ငံအားလုံးက လက်ခံထားကြပြီး လေးစားလိုက်နာကြရန် တာဝန်ရှိနေကြပြီဖြစ်ပါသည်။ ဤအဆိုပြုချက်ကြောင့် လက်နက်ကိုင်ပဋိပက္ခအတွင်း စစ်ဘက်ဆိုင်ရာဆေးဝန်ထမ်းများ၊ စေတနာလုပ်အားရှင်အကူအညီပေးရေး လုပ်သားများနှင့် ဒဏ်ရာရသူများကို အကာအကွယ်ပေးနိုင်ရန် အထောက်အကူဖြစ်စေမည့် သိသာထင်ရှားသော အမှတ်အသားတစ်ခုကို သတ်မှတ်ပြဋ္ဌာန်းပေးနိုင်ခဲ့ပါသည်။ ထိုအမှတ်လက္ခဏာ သို့မဟုတ် ယခုခေါ်ဆိုနေကြသည့် “အမှတ်အသား” သည် ရိုးရှင်းရမည်၊ အဝေးမှခွဲခြားနိုင်ရမည်၊ လူတိုင်းက သိရှိရမည်ဖြစ်ပြီး အမြဲတစေ တစ်ပုံစံတည်း ဖြစ်ရပါမည်။

၁၈၆၄ခုနှစ် ဩဂုတ်လတွင် ဂျီနီဗာ၌ ကျင်းပသည့် သံတမန်ဆိုင်ရာညီလာခံက ဆွစ်ဇာလန်အလံကို အရောင်ပြောင်းပြန်ပြုလုပ်ထားသော အဖြူရောင်အောက်ခံပေါ်ရှိ ကြက်ခြေနီအမှတ်အသားကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါသည်။ ထို့နောက် ၁၈၇၆ခုနှစ်မှ ၁၈၇၈ခုနှစ် အထိ ဖြစ်ပွားခဲ့သော ရုရှားနှင့်တူရကီတို့၏ စစ်ပွဲအတွင်း အော်တိုမင်အင်ပါယာက ကြက်ခြေနီအစား ယင်း၏ လခြမ်းနီအမှတ်အသားကို အသုံးပြုမည်ဟု ကြေညာခဲ့ပါသည်။ ၁၉၂၉ခုနှစ်တွင် ပထမဂျီနီဗာသဘောတူညီချက်ကို ပြင်ဆင်ရာ၌ လခြမ်းနီအမှတ်အသားအားတရားဝင် အမှတ်အသားအဖြစ် အသိအမှတ်ပြုခဲ့ပါသည်။

၂၀၀၅ခုနှစ်တွင် ၁၉၄၉ခုနှစ် ဂျီနီဗာသဘောတူညီချက်များ၏ စာချုပ်ဝင်နိုင်ငံများက ခရစ္စတယ်နီကို ထပ်တိုးအမှတ်အသားအဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။ ခရစ္စတယ်နီသည် ဥပဒေဆိုင်ရာအဆင့်အတန်းတွင် ကြက်ခြေနီ၊ လခြမ်းနီတို့နှင့် တန်းတူဖြစ်ပြီး၊ တူညီသောနည်းလမ်းနှင့် တူညီသောစည်းကမ်းများအတိုင်း ယင်းကို အသုံးပြုနိုင်ပါသည်။ ကြက်ခြေနီ သို့မဟုတ် လခြမ်းနီကို အသုံးပြုရန် ဆန္ဒမရှိသော နိုင်ငံများနှင့် အမျိုးသားအသင်းများအတွက် ခရစ္စတယ်နီသည် ရွေးချယ်စရာတစ်ခု ဖြစ်လာပါသည်။

အသေးစိတ်သိရှိလိုပါက-
www.icrc.org/eng/war-and-law/emblem/overview-emblem.htm

လုပ်ငန်းတာဝန်

ICRC သည် ခွဲခြားမှုမရှိသော ဘက်လိုက်မှုကင်းကာ ကြားနေပြီး လွတ်လပ်စွာရပ်တည်သည့် အဖွဲ့အစည်းဖြစ်ပါသည်။ ယင်း၏တစ်ခုတည်းသောတာဝန်ဖြစ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ လက်နက်ကိုင်ပဋိပက္ခနှင့် အခြားအကြမ်းဖက်မှု အခြေအနေများကြောင့် ဒုက္ခရောက်သူများ၏ အသက်နှင့်ဂုဏ်သိက္ခာကို အကာအကွယ်ပေးရန်ဖြစ်ပြီး ယင်းတို့အားအထောက်အပံ့ပေးရန်ဖြစ်သည်။ ထို့ပြင် ICRC သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေနှင့် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမူများကို အများသိရှိလေးစားလိုက်နာလာအောင်ဆောင်ရွက်ခြင်းနှင့် ခိုင်မာလာအောင်ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲဒုက္ခများကို ကာကွယ်တားဆီးရန်လည်း ကြိုးပမ်းဆောင်ရွက်ပါသည်။ ၁၈၆၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် ICRC သည် ဂျီနီဗာသဘောတူညီချက်များနှင့် ကြက်ခြေနီလှုပ်ရှားမှု၏ မူလအစပင်ဖြစ်ပါသည်။ ICRC သည် ပဋိပက္ခအခြေအနေများတွင် ကြက်ခြေနီလှုပ်ရှားမှုက ဆောင်ရွက်သည့် အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးလုပ်ငန်းများကို လမ်းညွှန်ပေးခြင်းနှင့်ညှိနှိုင်းပေးခြင်းများကို ဆောင်ရွက်ပါသည်။

IFRCသည် စေတနာလုပ်အားရှင်အခြေပြုသည့် ကမ္ဘာ့အကြီးမားဆုံးလူမှုဂရုဏာအဖွဲ့အစည်းကြီးဖြစ်သည်။ ကျွန်ုပ်တို့၏ တစ်ကမ္ဘာလုံးရှိနိုင်ငံပေါင်း၁၉၀၏ အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများမှ လူမှုအသိုင်းအဝိုင်းအားလုံးသို့ထိတွေ့၍ ၁၆၀. ၇သန်းသော လူထုများအတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအား ရေရှည်ကူညီဆောင်ရွက်မှုများအပြင် လူသန်းပေါင်း၁၁၀အတွက် သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးနှင့် ကနဦးပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကိုပါ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့အနေဖြင့် သဘာဝဘေးအန္တရာယ်နှင့်ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများ မဖြစ်ပွားမီ၊ ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီးအခြေအနေတို့တွင် ထိခိုက်ရလွယ်သူများအတွက် လိုအပ်ချက်များအား ကူညီဆောင်ရွက်နိုင်ရန်နှင့် လူမှုဘဝများဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ဆောင်ကြပါသည်။ ကျွန်ုပ်တို့သည် ဤကဲ့သို့ဆောင်ရွက်ရာတွင် နိုင်ငံ၊ လူမျိုး၊ လိင်၊ ဘာသာရေးယုံကြည်ချက်၊ အဆင့်အတန်းနှင့် နိုင်ငံရေးအယူအဆများအပေါ် ခွဲခြားမှုမရှိဘဲ ကူညီဆောင်ရွက်ကြပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လွတ်လပ်စွာစေတနာအလျောက်ကူညီဆောင်ရွက်ပေးသော အသင်းတစ်ရပ်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုနယ်ပယ်တွင် နိုင်ငံတော်၏အရန်အင်အားဖြစ်သည်။ အသင်းသည် နိုင်ငံတော်တွင်တစ်ခုတည်းသော အမျိုးသားကြက်ခြေနီအသင်းဖြစ်ပြီး ယင်း၏လုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ကြက်ဆောင်ရွက်သည်။ ထို့ပြင် နိုင်ငံတကာနယ်ပယ်တွင်လည်း အလားတူပူးပေါင်းဆောင်ရွက်သည်။ အသင်းသည် နိုင်ငံတော်ကထုတ်ပြန်ထားသော ဥပဒေများနှင့်အညီ ဂျီနီဗာသဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီညီလာခံက အတည်ပြုသော အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုဆိုင်ရာအခြေခံမူများ၊ မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့်အညီ အမြဲတမ်းလိုက်နာဆောင်ရွက်သည်။ အသင်းသည် လူမှုကရုဏာလုပ်ငန်းနယ်ပယ်များတွင် နိုင်ငံတော်၏ အရန်အင်အားအဖြစ် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်တာဝန်ယူမှုနှင့် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေရန် ပူးပေါင်းဆောင်ရွက်သည်။ အသင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများက သဘောတူထားသည့်အတိုင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူများ၊ ဆုံးဖြတ်ချက်များနှင့်အညီ အသင်း၏ လူသားချင်းစာနာထောက်ထားသော ဝန်ဆောင်မှုလုပ်ငန်းများကို အမြဲတမ်းဆောင်ရွက်ပေးသည်။

ICRC

International Federation
of Red Cross and Red Crescent Societies

0876/300 05.2018 2500

Front cover: D. Aloisi/IFRC, M. al-Khuzai/IFRC

လူသားချင်းစာနာထောက်ထားမှု အမှတ်အသားများ

International Federation
of Red Cross and Red Crescent Societies

ICRC

IN BRIEF

လူသားချင်းစာနာထောက်ထားမှု အမှတ်အသားများ

ကြက်ခြေနီနှင့်လခြမ်းနီ အမှတ်အသားများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများတွင် တစ်ကမ္ဘာလုံးကသိရှိထားသော လူတို့အတွက် မျှော်လင့်ချက်ပေးသည့် အမှတ်လက္ခဏာဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခနှင့် အခြားသောအကြမ်းဖက်မှု အခြေအနေများ၏ ဒဏ် သို့မဟုတ် သဘာဝဘေးအန္တရာယ်၏ အခက်အခဲများကိုကြုံကြွံခံနေရသော ရပ်ရွာလူထုအသိုင်းအဝိုင်းများအတွက် ဤအမှတ်အသားများက အကူအညီ လာနေပြီဖြစ်ကြောင်း အချက်ပြနေပါသည်။

ဤအမှတ်အသားများကို စစ်မြေပြင်ဆေးရုံတွင် အလုပ်လုပ်နေသော ဆရာဝန်၏တံဆိပ်ပေါ်၌ အသုံးပြုထားသည့်အခါ သို့မဟုတ် စစ်ပွဲအတွင်း ဒဏ်ရာရသူများအားသယ်ယူပို့ဆောင်ပေးသောယာဉ်၌ အသုံးပြုထားသည့်အခါ သို့မဟုတ် ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်သောလေယာဉ်၌ အသုံးပြုထားသည့်အခါ ယင်းတို့သည် ကမ္ဘာတစ်ဝှမ်းရှိ လူသားများအတွက် ခွဲခြားမှုမရှိသော၊ ကြားနေပြီးလွတ်လပ်သည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်ကို ဖော်ပြလျက်ရှိပါသည်။

ထို့အပြင် ကြက်ခြေနီ၊ လခြမ်းနီနှင့် ခရစ္စတယ်နီ အမှတ်အသားများသည် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားချိန်များတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ ဆေးဘက်ဆိုင်ရာ အဆောက်အအုံများ၊ ဆေးဘက်ဆိုင်ရာယာဉ်များနှင့် တရားဝင်ခွင့်ပြုထားသော အရပ်ဘက်ဆေးဝန်ထမ်းများကို အကာအကွယ်ပေးသည့်နိုင်ငံတကာ အသိအမှတ်ပြု အမှတ်အသားများ ဖြစ်ကြပါသည်။ လက်နက်ကိုင်တပ်ဖွဲ့များ၏ ဆေးဝန်ထမ်းများအား အရန်အဖြစ် ကူညီဆောင်ရွက်ပေးရသည့်အခါ သို့မဟုတ် ဂျီနီဗာသဘောတူညီချက်များနှင့်အညီ သက်ဆိုင်ရာအာဏာပိုင်များက တရားဝင်ခွင့်ပြုသည့်အခါတို့တွင် အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများ (အမျိုးသားအသင်းများ)၏ ဆေးဝန်ထမ်းများသည်လည်း ဤသို့အကာအကွယ်ပေးခြင်းခံရသူများထဲတွင် ပါဝင်ပါသည်။

ဤအမှတ်အသားများသည် ဘာသာရေး၊ နိုင်ငံရေး သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များနှင့် ဆက်စပ်မှုမရှိပါ။ ယင်းတို့ကို အောက်ပါအတိုင်းနည်းလမ်းနှစ်မျိုးဖြင့် အသုံးပြုနိုင်ပါသည်-

> ဤအမှတ်အသားများကို အသုံးပြုဖော်ပြထားသော လူပုဂ္ဂိုလ်များ၊ ယာဉ်များနှင့် အဆောက်အအုံများအား အမြဲတစေ အကာအကွယ်ပေးရမည်ဖြစ်ပြီး၊ ပစ်မှတ်ထားခြင်း၊ တိုက်ခိုက်ခြင်းများမပြုကြရန် အကာအကွယ်ပေးထားသည့် အမှတ်အသားဖြစ်ကြောင်း လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သောအဖွဲ့များကို သိစေရန်ဖြစ်ပါသည်။ ယင်းသို့အသုံးပြုခြင်းကို အကာအကွယ်ပေးရန်အတွက် အသုံးပြုခြင်းဟု ခေါ်ဆိုပါသည်။

> လူပုဂ္ဂိုလ်၊ ယာဉ် သို့မဟုတ် အဆောက်အအုံသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုတွင်ပါဝင်သည့် အဖွဲ့အစည်းများနှင့် ပတ်သက်ဆက်နွယ်မှုရှိကြောင်းကို ဖော်ညွှန်းပြသရန် ဖြစ်ပါသည်။ ယင်းသို့အသုံးပြုခြင်းကိုဖော်ညွှန်းပြသရန်အတွက် အသုံးပြုခြင်းဟု ခေါ်ဆိုပါသည်။

အမှတ်အသားများ

ယခုမျက်မှောက် ကာလတွင် အသုံးပြုလျက်ရှိသော အမှတ်အသား သုံးခုရှိပါသည်။



ကြက်ခြေနီ



လခြမ်းနီ



ခရစ္စတယ်နီ